ဝန်ရင်း
Read on the move

ထက်ဝေကျော်

# အိမ်တစ်လုံး လိုချင်တယ်



# ထုတ်ဝေသူ အမှာ

ဤစာအုပ်သည် စံပယ်စာအုပ်တိုက်၏ ၁၆အုပ်မြောက်စာအုပ်ဖြစ်၏ ။ တစ်နည်းဆိုရသော် စံပယ်စာအုပ်တိုက်က ထုတ်ဝေပေးသည့် ဆရာထက်ကျော်၏ ဒုတိယမြောက်စာအုပ်ဖြစ်သည်။ ဤစာအုပ်တွင် ဆောင်းပါး ၃၅ပုဒ်ပါဝင်၏ ။

ဖတ်စရာဂျာနယ်၊ အလင်းတန်းဂျာနယ်၊ ပေါ်ပြူလာဂျာနယ်၊ ဖလားဝါးဂျာနယ်နှင့် ကန္တာရဂတီဂျာနယ်တို့တွင် ရေးသားခဲ့သော ဆောင်းပါးများစုစည်းမှုဖြစ်၏ ။ ဒီဘက်ခေတ်တွင် စာရေးအားကောင်းသူထဲတွင် ဆရာထက်ကျော်လည်းပါ၏ ။ ဆရာ့လက်ရာများကို မဂ္ဂဇင်း၊ ဂျာနယ်စာမျက်နှာ အတော်တော်များများတွင် တွေ့နေရသည်က သက်သေဖြစ်သည်။

သို့သော် ဆရာထက်ကျော်ရေးသည့်စာတွေက ဆောင်းပါးအများစုဖြစ်ပုံရသည်။ ဆောင်းပါးကို အားသန်ပုံရသည်။ ဆောင်းပါးဆိုသည်မှာ ခံစားမှုထက် မြင်မှုကြားမှုများပြီး ထိုမြင်မှုကြားမှုအတွေ့အကြုံကို စာဖတ်သူသို့ မျှဝေလိုစိတ်ဖြင့် ဝီရိယစေတနာ အားကောင်းသူ များသာ လုပ်နိုင်သောအရာဖြစ်သည်။ မြန်မာအဘိဓာန်ကတော့ သတင်းစာ၊ မဂ္ဂဇင်းစသည်တို့တွင် ဖော်ပြသည့် ဗဟုသုတဆိုင်ရာစာတမ်းဟု အဓိပ္ပာယ်ဖွင့်သည်။ သတိချပ်စရာဖြစ်သည်။

`အိမ်တစ်လုံးလိုချင်တယ်’ ဆောင်းပါးသည် ဤစာအုပ်၏ ခေါင်းစီးဆောင်းပါးဖြစ်သည်။ မိဘမဲ့ရင်ခွင်မဲ့ လူသားကလေးငယ်တို့၏ ဘဝကို အိမ်တစ်လုံးကို မိဘရင်ခွင်နှင့်နှိုင်းထားပုံက ကဗျာဆန်သည်။

`နာမည်များ’ ဆောင်းပါးတွင် နာမည်နှင့်ပတ်သတ်ပြီး မှတ်စရာသားစရာတွေကို ဟာသ ဆန်ဆန်ဖော့ဖော့လေး ရေးသွားပေမယ့် နာမည်ကောင်းနှင့် နာမည်ပျက်၏ အဓိပ္ပာယ်ကိုပါ တွေးခွင့်ရစေသည်။ ထို့အတူအသက်ရှင်လျက်နာမည်သေနေသူနှင့် အသက်သေသော်လည်း

နာမည်ရှင်သန်နေသူတို့၏ ဂုဏ်ရည်အထိ အတွေးပွားနိုင်သည်ကိုတွေ့ရ၏ ။

`ထီးရိပ်အောက်က ထွက်လိုက်ပါ' ဆောင်းပါးတွင် သူတစ်ပါးကိုချည်း အားကိုးမနေဘဲ ကိုယ့်အားကိုယ်ကိုးဖို့ တိုက်တွန်းထား၏ ။ အမြဲတစေသူတစ်ပါးနှာခေါင်းပေါက်နှင့် အသက်ရှူချင်သူ တွေကို လေအေးကလေးနှင့်နားဝင်အောင် ပြောပြထား၏ ။ မိသားစုတိုင်း ကြုံတွေ့ရတတ်သော သဘောကို မီးမောင်းထိုးပြသည့် ဆောင်းပါးဖြစ်သည်။

`ရဲရင့်လွတ်လပ်စွာ ပျံသန်းသတဲ့လား' ဆောင်းပါးတွင် အတောင်မစုံခင် မျက်စိမပါသော အချစ်ဖြင့် မိဘရင်ကိုစုံကန်သွားသည့် သားသမီးတို့အကြောင်းဖြစ်၏ ။ Love is Free ကို လွဲမှားစွာ အသုံးမချမိကြဖို့ မိဘဝေဒနာကို ဖွင့်ချထားသည်။

`အိပ်မက်မက်ပါ'ဆောင်းပါးတွင် ဘဝနှင့်အမျှ တိုးတက်ချင်သောလူသားတို့အား ရည်မှန်းချက်ပန်းတိုင်ထားဖို့ ထိုရည်မှန်းချက်အတိုင်း ပေါက်မြောက်အောင်ကြိုးစားဖို့

တိုက်တွန်းထားသည့် ခွန်အားဖြည့်စာဖြစ်၏ ။ အနာဂတ်မျှော်လင့်ချက်ကို အိပ်မက်နှင့်နှိုင်းပြထား၏ ။

`နူးညံ့တဲ့ခေါင်းအုံးနှင့်အိပ်စက်ပါ'ဆောင်းပါးသည် အသက်ရှင်နေသမျှဘဝကို သီလ၊ သမာဓိ၊ ပညာနှင့်ဖြတ်သန်းဖို့ဖြစ်၏ ။ မကောင်းမှုရှောင်ကောင်းမှုဆောင်ရမည်။ သို့ဆိုလျှင် လိပ်ပြာလုံစွာ အိပ်ပျော်နိုင်မည်ဖြစ်၏ ။ ထိုသို့အပြစ်ကင်းစွာ အိပ်ပျော်ခြင်းကို နူးညံ့တဲ့ခေါင်းအုံးနှင့် အိပ်စက်ခြင်းဟု တင်စားထားသည့် နှလုံးသားရသစာဖြစ်၏ ။

`သုံးကောင်အဖြစ်မခံနဲ့' ဆောင်းပါးတွင် အမျက်ဒေါသကို ထိန်းနိုင်ဖို့ သတိပေးထား၏ ။ ပြင်းစွာထွက်သောဒေါသသည် လျှင်မြန်စွာပြေးသည့် ရထားနှင့်တူ၏ ။ ထိုဒေါသကို ပညာနှင့် ထိန်းနိုင်သူသည်

လိမ္မာသောရထားထိန်းဖြစ်၏ ။ ဘုရားဟောစာတွေနှင့်ပါ ကိုးကားတင်ပြထား၏ ။ စိတ်ကိုဆင်ခြင်အောင် သတိပေးသည့်ဦးနှောက်ရသစာဖြစ်၏ ။

`သက်ရောက်မှုများ' ဆောင်းပါးတွင်မူ လူသည်မိမိလုပ်ရပ်အတိုင်း မိမိဘဝကို ရောင်ပြန်ဟပ်လေ့ရှိသော လောကဓံ၏ သဘောသဘာဝကို သတိသံဝေဂယူစရာ တံခါးတစ်ချပ် လုပ်ပြထားသည်ကို တွေ့ရ၏ ။

စာဖတ်ရာ၌ သိဖို့ဖတ်သောစာနှင့် မှတ်ဖို့ဖတ်သောစာဟူ၍ နှစ်မျိုးရှိကြောင်း မှတ်သား ရဖူးပါသည်။ ဆရာထက်ကျော်၏ စာများသည် သိစရာတွေလည်းပါ၏ ။ မှတ်စရာတွေလည်းပါ၏ ။ သိဖို့ရေးသောစာများက အကျိုးရှိသောအသိမျိုးကို နှိုးဆွသည့်စာဖြစ်သလို၊ မှတ်ဖို့ရေးသော စာများကလည်း နှလုံးသားနှင့်ဦးနှောက်အတွက် အကျိုးပြုသော စာများဖြစ်သည်ကိုတွေ့ရ၏ ။

သို့ပါ၍ စာဖတ်ပရိသတ်အတွက် ဖတ်စရာမှတ်စရာ စေတနာအပြည့်ဖြင့် ဤစာအုပ်ကို ဂုဏ်ယူစွာတင်ဆက်လိုက်ပါသည်။

**စာဖတ်သူများ၏အကျိုးကိုအမြဲမျှော်ကိုးလျက်**

***

# အိမ်တစ်လုံး လိုချင်တယ်

တရုတ် (တိုင်ဗမ်)က နာမည်ကြီးတဲ့အဆိုတော် `ဖန်းမေချိန်'ရဲ့ ဒီဗီဒီသီချင်းခွေကို အားလပ်ရက်တစ်ရက်မှာ နားထောင်ခံစားကြည့်ရှုရင်းက ပေါ်လာတဲ့အတွေးလေးကိုရေးချင်လို့ ဒီဆောင်းပါးခေါင်းစဉ်ကို ရွေးမိတာပါ။ `ဖန်းမေချိန်'ဟာ မိခင်မဲ့တစ်ဦးဖြစ်ပြီး ငယ်စဉ်ကတိုင် `မိဘမဲ့ဂေဟာ'မှာ နေထိုင်ကြီးပြင်းခဲ့ရသူတစ်ဦးဖြစ်ပါတယ်။ အရွယ်ရောက်တော့ အဲဒီ ကတစ်ဆင့် ဂီတလောကထဲကိုရောက်လာပြီး ထင်ရှားတဲ့ကြယ်တစ်ပွင့်ဖြစ်လာသူ တစ်ဦးဖြစ်ပါတယ်။

အိမ်တစ်လုံးလိုချင်တယ်ဆိုတာက `ဖန်းမေချိန်' ရဲ့ထင်ရှားတဲ့သီချင်းတစ်ပုဒ်ပါ၊ အဲဒီ သီချင်းပေါက်ခဲ့တာကြောင့် သူမဟာလူသိများပြီး ထင်ရှားတဲ့အဆိုတော်အမျိုးသမီးဖြစ်ပါတယ်။ အဲဒီ သီချင်းကို သူကိုယ်တိုင်ရေးပြီး သူကိုယ်တိုင်ခံစားသီဆိုခဲ့တာပါ။

အိမ်တစ်လုံး လိုချင်တယ်

သိပ်ပြီး ခမ်းနားစရာမလိုပါဘူး

မောပန်းနွမ်းနယ်နေချိန်

သတိရစရာအိမ်မျိုးဖြစ်နေရင် တော်ပါပြီ

ကြောက်လန့်ထိတ်လန့်နေရချိန်

ပြန်လာလို့ရတဲ့ အိမ်မျိုးဖြစ်နေရင် တော်ပါပြီ

လူတိုင်းမှာ အိမ်ကိုယ်စီရှိကြပေမယ့်

ကျွန်မမှာတော့ အိမ်မရှိပါလား

ခိုက်ရန်ဖြစ်ပွားလို့

ထိခိုက်ဒဏ်ရာရခဲ့ရင်

တခြားသူတွေက ပြန်စရာအိမ်ရှိကြတယ်

ကိုယ့်မျက်ရည်ကို

ကိုယ်တိုင်သုတ်ခဲ့ရတဲ့အကြိမ်တွေ မနည်းတော့ဘူး

နွေးထွေးတဲ့ အိမ်မရှိဘဲ

ကြီးပြင်းခဲ့ရတဲ့ ကျွန်မ

ကျွန်မရဲ့ စိတ်ဓာတ်အင်အားနဲ့

ကျွန်မရဲ့ စိတ်ဓာတ်အင်အားနဲ့

ကျွန်မကိုယ်ကျွန်မ နွေးထွေးစေခဲ့ရတယ်

ဘယ်သူ့ကိုမှ အပြစ်တင်စရာလည်း

မလိုဘူးထင်ပါရဲ့

ကိုယ့်အားကိုယ်ကိုးပြီး

အိမ်တစ်လုံးရအောင် ရှာရမှာပေါ့

အိမ်တစ်လုံးလိုချင်တယ်

အိမ်ရှိပေမယ့် မပျော်ကြတဲ့သူတွေ

အိမ်ရှိပေမယ့် အချစ်မရှိတဲ့သူတွေလိုမျိုး မဖြစ်စေချင်ဘူး

အိမ်တစ်လုံးလိုချင်တယ်

တကယ့်ကို လိုချင်တယ်

တကယ့်ကို နွေးထွေးမှုရှိမယ့်

အိမ်တစ်လုံး လိုချင်တယ်။ ။

သီချင်းကိုခံစားပြီး အတတ်နိုင်ဆုံးဆီလျော်အောင် ချဉ်းကပ်ကြည့်တဲ့အခါ `ဖန်းမေချိန်ကို ပိုမိုနားလည်ခဲ့ရပါတယ်။ ဖန်သားပြင်ပေါ်မှာ အားငယ်စိတ်ကို ဘဝကိုအားမာန်တွေနဲ့ အစားထိုးရင်း ခံစားချက်အပြည့်နဲ့ သီဆိုနေတဲ့ သူ့ရုပ်ပုံလွှာကိုလည်း လေးစားအားကျစဖွယ်တွေရရဲ့။ မိဘမဲ့ကလေးတစ်ဦးရဲ့ ရင်ထဲကခံစားချက်များကိုလည်း နားလည်နိုင်ပြန်တယ်။ သူ့သီချင်းက သူ့လိုအထီးကျန်ကြီးပြင်းခဲ့တဲ့ မိဘမဲ့ကလေးများရဲ့ လိုအင်ဆန္ဒတွေကိုလည်း ထင်ဟပ်ပြသ လို့နေပါတယ်။

တကယ်ပါပဲ။ မိဘဆိုတဲ့ အရိပ်အာဝါသအောက်မှာ ဘယ်သူမဆို ကြီးပြင်းရှင်သန် လူလားမြောက်လိုကြပေမယ့် သူတို့ကလေးတွေကတော့ အကြောင်းအမျိုးမျိုးကြောင့် `ထန်လည် ဆစ်ကျိုး လှေပိုးထိုး ဘဝကိုရောက်ခဲ့ကြပါတယ်။ မိဘရင်ခွင်ရဲက နွေးထွေးမှုအရသာဆိုတာ သူတို့သိရှိခွင့်မရခဲ့သလို စမ်းရေပမာ မိဘမေတ္တာဆိုတာကိုလည်း မသောက်သုံးခဲ့ကြရတာ လည်း အမှန်ပါ။ ခက်ခဲကြမ်းတမ်းတဲ့ဘဝကို လောကခံရဲ့ ရိုက်နှက်ထုထောင်းမှုတွေကြောင့် ဒဏ်ရာ ဒဏ်ချက်အသီးသီးနဲ့ သူတို့လေးတွေလူလားမြောက် ကြီးပြင်းခဲ့ရပါတယ်။ ပုံမှန်မကျတဲ့ ဖြစ်စဉ်တွေကို ရင်ဆိုင်ဖြတ်သန်းခဲ့ကြရပါတယ်။

ဒါကြောင့် ဘရာဇီးအပါအဝင် အာဖရိကနိုင်ငံအချို့က မိဘမဲ့ကလေးတွေရဲ့အကြောင်းကို စာအုပ်တွေထဲမှာ ဖတ်ရ၊ သတင်းများမှာ ကြည့်ရှုခဲ့ရတိုင်း စိတ်မကောင်းဖြစ်ရတာ လည်း အကြိမ်ကြိမ်ပါ။ သူတို့လေးတွေရဲ့ ဘဝတွေပိုမိုတိုးတက်ကောင်းမွန်လာဖို့၊ လုံခြုံနွေးထွေးတဲ့ အခြေအနေလေးတွေ ရရှိနိုင်ဖို့ မျှော်လင့်မိတာလည်း အမှန်ပဲဖြစ်ပါတယ်။

ချမ်းသာတဲ့နိုင်ငံတွေက အစိုးရများကတော့ သူတို့အတိုင်းအတာနဲ့

သူတို့မိဘမဲ့ဂေဟာ ဖွင့်လှစ်ပြီး တတ်နိုင်သလောက်
ဂရုစိုက်ဖွင့်လှစ်စောင့်ရှောက်ပေးကြပါတယ်။ ဒါပေမဲ့ ဒီလိုကူညီ
စောင့်ရှောက်မှုမျိုးတွေဟာ ကမ္ဘာပေါ်ကမျိုးပြားလှတဲ့ မိဘမဲ့ကလေးသူငယ်ဦးရေနဲ့
နှိုင်းယှဉ် လိုက်တဲ့အခါ `ဆင့်ပါးစပ် နှမ်းပက်'သလို ဖြစ်သွားရပြန်တယ်။

တစ်ဆက်တည်း အဲဒီ လို မိဘမဲ့ကလေးများကို ဆေးသိပ္ပံရှုထောင့်က
လေ့လာဆန်းစစ်ကြည့်တဲ့အခါ ပုံမှန်မဟုတ်တဲ့ စိတ်ရောဂါဆန်ဆန်
အခြေအနေမျိုးတွေကို တွေ့ရပြန်တယ်။ လုံးဝရူးသွပ်ဖောက်ပြန်နေတာ
မဟုတ်ပေမယ့် လိုအင်ဆန္ဒတွေမပြည့်ဝ၊ မျှော်လင့်ချက်တွေမဲ့၊ ကြမ်းတမ်းတဲ့ဘဝမှာ
နွေးထွေးမှုမဲ့စွာ ခက်ခက်ခဲခဲ ဖြတ်သန်းခံစားကြရတာ ကြောင့် သူတို့မှာ
ပုံမှန်တွေးခေါ်စဉ်းစားနိုင်မှု အားနည်းပြီး စိတ်ဓာတ်ရေးရာ ခိုင်မာမှုမရှိတာကို
တွေ့ကြရပါတယ်။ ဒါဟာ သဘာဝကျတဲ့ ဖြစ်စဉ်တစ်ခုလို့ဆိုပေမယ့် အဲဒီ
မျိုးဆက်တွေရဲ့ လက်ထဲကို ရောက်လာမယ့် အနာဂတ်ဟာ
အန္တရာယ်ရှိမလာနိုင်ဘူးလို့ ဘယ်သူက အာမခံနိုင်ပါ့မလဲ။

ပညာတတ်တဲ့၊ မှန်ကန်စွာ မစဉ်းစားတတ်တဲ့၊ အနိမ့်ခံဘဝနဲ့
နေလာခဲ့ရတဲ့၊ လိုအပ် ချက်တွေ များလွန်းနေတဲ့ အဲဒီ လိုကလေးမျိုးတွေရဲ့
ရယူလိုမှုဟာ မိုးထိမြင့်မားကောင်း မြင့်မား နိုင်ပါတယ်။ အဲဒီ ဆန္ဒတွေကို
မှန်ကန်တဲ့နည်းလမ်းများနဲ့ အကောင်အထည်ဖော်မယ်ဆိုရင်
မထောင်းတာလှပေမယ့် မမှန်မကန်သာ အကောင်အထည်ဖော်လိုက်လို့ကတော့
ကမ္ဘာကြီးရဲ့ အနာဂတ်ဟာ မစဉ်းစားရဲတဲ့အထိ ဖြစ်သွားနိုင်ပါတယ်။

ဒါကြောင့် အိမ်တစ်လုံးလိုချင်တယ်။ နွေးထွေးမှုရှိတဲ့
အိမ်မျိုးရှိချင်တယ်ဆိုတဲ့ သူတို့ ကလေးတွေရဲ့ဆန္ဒကို တတ်နိုင်သလောက်
အားလုံးဝိုင်းဝန်းဖြည့်ဆည်းနိုင်ကြရင် အတိုင်းထက် အလွန်ပါပဲ။
တစ်ချို့ကိစ္စတွေဟာ ငွေနဲ့ဖြေရှင်းလို့ရနိုင်ပေမယ့် တစ်ချို့ကိစ္စတွေ ကတော့
ငွေထက်နားလည်မှု၊ နွေးထွေးမှု၊ စာနာမှု၊ လူသားမေတ္တာ၊ အကြင်နာတရားတွေနဲ့

ဖြေရှင်းမှ ရနိုင်တာမျိုးပါ။

**`မိဘမဲ့ကလေးတွေ အားလုံးနွေးထွေးပျော်ရွှင်တဲ့ဘဝတွေ ရရှိနိုင်ကြပါစေ။´**

***

# နာမည်များ

အမည်ကို နာမံ၊ နာမလို့ခေါ်တဲ့ ဝေါဟာရက ဆင်းသက်လာတယ်လို့ ဖတ်ရဖူးပါတယ်။ အမည် (သို့မဟုတ်)နာမည် (သို့မဟုတ်) ဘွဲ့အမည်စတာတွေအားလုံးဟာ သမုတ်ခေါ်ဝေါ်ကြရာက စ,ခဲ့တယ်လို့ဆိုပါတယ်။ `နာမကရဏမင်္ဂလာ􏿽လို့ခေါ်တဲ့ အမည်ပေးခြင်းမင်္ဂလာပြုပြီး ရှေးမြန်မာများကတော့ နာမည်ပေးတတ်ကြပါတယ်။ ယခုတော့ ဒီအလေ့အထဟာ အတော် နည်းသွားပါပြီ၊ ကြုံရာကျပန်း အဆင်ပြေသလို နာမည်ပေးလိုက်ကြတာကပဲ များပါတယ်။

နာမည်ကို အဓိပ္ပာယ်သက်ရောက်မှုအမျိုးမျိုးနဲ့ တွေ့ရတတ်ပါတယ်။ `နာမည်ခံ􏿽ဆိုရင် အမည်တစ်ခုခုကို ရယူတာဖြစ်ပြီး `နာမည်ဟု􏿽ဆိုရင်တော့ လိမ်ညာတုပ ခံယူထားတဲ့ အမည်ဆိုတာ သိနိုင်ပါတယ်။ နာမည်ထွက်တာ၊ နာမည်တက်တာ၊ နာမည်ပြေးတာ၊ နာမည်ကြီးတာ၊ အမည်သတင်းထင်ရှားပေါ်လွင်ကြတာဖြစ်ပြီး နာမည်ပျက်တာ၊ နာမည်ဆိုးတာတွေကတော့ မကောင်းသတင်းထွက်တာလို့ သိရှိနိုင်ပြန်ပါတယ်။ `နာမည်ဖျက် 􏿽တာကတော့ အမည်သတင်းဆိုးယုတ်အောင် လုပ်တာဖြစ်ပါတယ်။ `နာမည်ယူ 􏿽တာကတော့ ထင်ရှား ကျော်ကြားမှုကိုရအောင် လုပ်ယူတာလို့ပဲ သတ်မှတ်နိုင်မယ်ထင်ပါရဲ့။ `နာမည်ပှက်􏿽ကတော့ အများသိကြတဲ့အတိုင်း လျှို့ပှက်ခေါ်ကြတဲ့နာမည်ပဲဖြစ်ပါတယ်။

နာမည်တွေဟာ အဲဒီ လို သဘောသဘာဂတွေရှိရုံသာမက သက်ဆိုင်ပတ်သက်တဲ့ ကာယကံရှင်တွေ ဖန်တီးလိုက်လို့ အဓိပ္ပာယ်အမျိုးမျိုးနဲ့ အကျိုးသက်ရောက်မှုတွေ ရှိတတ် တာကိုလည်း တွေ့ရပြန်ပါတယ်။ အဖေအမေက ကိုယ့်သားသမီးလေးတွေကို ချမ်းသာကြွယ်ဂ စေချင်လို့ မောင်ချမ်းသာ၊ မောင်ဘောဂ၊ မောင်သန်းကြွယ်၊ မောင်ကုဋေစိုး စသည်ဖြင့် နာမည်ပေးတတ်ကြသလို ဘဂမှာမြင့်မြင့်မားမား နေထိုင်နိုင်ကြဖို့အတွက်

မောင်အာကာ၊ မောင်မြင့်မား၊ မောင်တိမ်လွှာ စသည်ဖြင့်လည်း မှည့်ခေါ်တတ်ပါရဲ့။ ကျန်းမာရေး ကောင်းဖို့ မှည့်ခေါ်ခဲ့ရာက ကိုကျောက်ခဲ၊ မောင်သံဒိုင်၊ ဦးသံချောင်းတွေ ဖြစ်လာသလို အေးချမ်း စေချင်တဲ့ မိဘများရဲ့ဆန္ဒတွေနဲ့ မောင်ငြိမ်းချမ်းတို့၊ မောင်ငြိမ်းသူတို့လည်း ပေါ်ပေါက်ခဲ့ရပြန်ရော။

တစ်ချို့ကတော့ ပြောမရဆိုမရ ဆိုးပေလွန်းတဲ့ သားသမီးတွေကို ဆိုးပေ၊ ဖိုးတေ၊ ဒုံးပေ၊ တာတေစသည်ဖြင့် ချစ်စနိုးခေါ်ကြသလို ဂလွန်းတဲ့သူကို ဖက်တီး၊ ဝက်ပုတ်၊ ဖိုးသာထူးစသည်ဖြင့် စကြ၊ နောက်ကြတာလည်းရှိရဲ့။ ပိန်လွန်းတဲ့သူကို ဝါးခြမ်းပြား၊ ငါးဖောင်ရိုး၊ ရေညှောင့်ကောင် စသည်ဖြင့် အပျော်အပျက်ခေါ်ကြပြီး နာမည်ပြောင်နဲ့ ဦးကျွဲကြီး၊ ဒေါ်ဝက်မ၊ ကိုကျားကြီး၊ ကိုဆင်ပေါက်တို့ကိုလည်း တွေ့ခဲ့ဖူးပါတယ်။

အသားမည်းတဲ့အမျိုးသားကို ဦးချစ်တီး၊ အရာကြီး၊ မည်းတူရယ်လို့ ခပ်သောသောလေး ခေါ်ပြီး အသားညိုညိုမည်းမည်း အဒေါ်ကြီးကိုတော့ ဒေါ်ကုလားမတဲ့၊ ဒေါ်နက်ကြုတ်တဲ့။ အဲ တရုတ်အမျိုးသားတွေကို အသားအရေဖြူဖွေးနေပြန်ရင်လည်း ကိုထောင်ကဲ၊ ဦးမော်စီ၊

မောင်တရုတ်ကြီး စသည်ဖြင့် အာလုပ်ပြုကြပြန်တယ်။

မြန်မာစာမှာ ပါဠိစာပေတွေ အချိန်တော်တော်ကြာကြာ လွှမ်းမိုးခဲ့လေတော့ ပါဠိ နာမည်တွေကို ဇေယျ၊ ဇဂန၊ သာဓု၊ ပါရဂူစတဲ့ဆရာကြီးတွေရဲက ကလောင်နာမည်တွေကို ကြည့်ရင်လည်း သိနိုင်ပါရဲ့။ ရုပ်ရှင်မင်းသမီး ထက်ထက်မိုးဦးရဲ့ ခေတ်ကာလမှာ မွေးဖွား ကြီးပြင်းခဲ့ကြတဲ့ ကလေးမလေးတွေ အတော်များများကတော့ ဘာထက်ထက်၊ ညာထက်ထက်တွေ ဖြစ်နေကြရုံမက ထူးချွန်ထက်မြက်ချင်ကြတဲ့ လူငယ်တွေကတော့ ကောင်းထက်၊ ရဲထက်၊ နီထက်၊ ဇင်ထက်၊ အောင်ထက် စသည်ဖြင့် အမည်ယူခဲ့ကြပါတယ်။

တစ်ခါက မိဘနှစ်ပါးက ဖင်မနိုင်တဲ့ကလေးမနှစ်ယောက်ကို `မချိုး␣နဲ့

`မအီး`လို့ ခေါ်ခဲ့ သတဲ့။ ဒါနဲ့ဆွေမျိုးနီးစပ်နဲ့အိမ်နီးချင်းတွေကပါ လိုက်ခေါ်ကြရင်း အသက်ကြီးတဲ့အထိ အဲဒီ နာမည်ကြီးတွေ တွင်သွားကြလို့ ကာယကံရှင်တွေမှာ အတော်စိတ်ဒုက္ခရောက်ကြရကြောင်း ကြားဖူးပါတယ်။ ဆီးမနိုင်တဲ့ဘောင်းဘီထဲ ဆီးသွားမိခဲ့တဲ့ကလေးကို `ဖိုးသာပေး`လို့ ခေါ်သလို မျိုးပေါ့။ ပြီးစလွယ်သဘောနဲ့ ပါးစပ်ထဲတွေ့ရာခေါ်လိုက်ကြတဲ့ နာမည်တွေဟာ ကြီးပြင်းတဲ့အထိ ပါလာတတ်ပြီး ပြင်ရခက်တာကြောင့် သတိထားစရာပါ။

အမြွှာညီအစ်ကိုမဟုတ်ပေမယ့် အမြဲတတွဲတွဲရှိနေတတ်တဲ့ ညီအစ်ကိုနှစ်ယောက်ကို သူ့ဆရာက `ထွန်စက်နဲ့ ထွေလာ`လို့ခေါ်သတဲ့။ တောမှာဆိုတော့ စက်မှုလယ်ယာက လယ်ထွန်စက်ကြီးနဲ့ နောက်တွဲထွေလာ အမြဲတွေ့နေရတဲ့ ရွာသားတွေအဖို့ အလွန်လျော်ကန် သင့်မြတ်တဲ့ အခေါ်အဝေါ်ပါပဲ၊ ဒါပေမယ့် အဲဒီ ကလေးတွေ အရွယ်ရောက်လို့ မြို့ကြီးပြကြီးမှာ တာဝန်ထမ်းဆောင်နေစဉ်မှာ ရွာကအသိတွေနဲ့လည်းတွေ့ရော ဆရာဝန်ကြီး ဒေါက်တာမျိုးမြတ်သူ ကို `ဟဲ့ ... ထွန်စက်၊ ထွေလာ ဘယ်ရောက်နေလဲ`ဆိုတဲ့ အမေးနဲ့မေးလာခဲ့ရင် သူ့ညီ ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးမြတ်သူ ဘယ်မှာပါလို့ဖြေဖို့အတွက် ကာယကံရှင်မှာ ဘယ်လောက် အနေခက်မလဲဆိုတာ စဉ်းစားသာကြည့်ပါ။

ပိုဆိုးတာက နာမည်နဲ့ဘဂ ဆန့်ကျင်ဘက်ဖြစ်နေတတ်တာပါပဲ။ ဦးဘောဂ၊ မောင်ချမ်းသာ တို့က ကုန်းကောက်စရာမရှိအောင် မွဲနေတတ်ပြီး၊ ဦးသံချောင်းနဲ့ ကိုကျောက်ခဲတို့ကတော့ ရှူနာရှိုက်ကုန်းကလေးတွေနဲ့ မကြာခဏဆေးရုံတက်နေရတာ ပါပဲ။ ဦးတည်ကြည်တဲ့ မောင်သမာဓိ တို့ကတော့ ကလိန်ကကျစ်၊ ဖိုးတွမ်တီးတွေဖြစ်နေတတ်ရုံမက ရပ်ကွက်ထဲက မခင်သစ္စာကတော့ လင်ငယ်နောက်လိုက်ပြေးသွားတာကြာပါပြီ။

`ခင်မောင်ဖြူဝင်း`ဆိုတာ သွားလောက်ပဲမြင်နေရတဲ့ ကုလားလေးဖြစ်နေတတ်သလို `ခင်ကလျာကျော့ရှင်း`ကလည်း

ဖက်တီးပုတ်ဖြစ်နေကြပြန်ရော။ ငယ်ငယ်က ဂတုတ်တုတ်နဲ့ အရပ်ပုသယောင်ထင်ရလို့ တစ်အိမ်လုံးက `ဂျပုလေး´လို့ခေါ်တဲ့ကောင်က အရပ်ခြောက်ပေ နီးပါးရှိပြီး ကိုလူရှည်ဖြစ်နေတော့ ရယ်စရာဖြစ်ရပြန်တယ်။

ဒါဟာ လူနဲ့နာမည်၊ နာမည်နဲ့ လူတွေဟာ ထပ်ထူပြုမရဘဲ ပဋိပက္ခသဘောဆောင်ပြီး

ဆန့်ကျင်ဘက်ဖြစ်နေကြတဲ့ကိစ္စတွေပဲ ဖြစ်မယ်ထင်ပါတယ်။

မိတ်ဆွေတစ်ဦးကတော့ ပြောဖူးတယ်။ မောင်ဖြူ၊ မောင်နီ၊ မောင်နက်ဆိုတာ ပညတ် သဘောတွေမို့ အဓိကမကျပါဘူးတဲ့။ ပရမတ္ထသစ္စာက မောင်မဲဆိုပေမယ့် စိတ်ရင်းဖြူစင်ဖို့၊ ငတိဆိုပေမယ့် ထူးချွန်ထက်မြက်ဖို့က အဓိကဖြစ်ပါသတဲ့။ ကိုယ်ဉာဏ်မီသလောက် စဉ်းစား ကြည့်နိုင်ကြဖို့ပါ။

ဘာပဲဖြစ်ဖြစ် နာမည်တွေကြောင့် ချမ်းသာကြည်နူးရ၊ ဂမ်းသာပျော်ရွှင်ရ၊ မျှော်လင့်ချက် တွေတောက်ပရသလို ဆန့်ကျင်ဘက်အနေအထားတွေကြောင့် စိတ်ညစ်ညူးရ၊ ကြိတ်မနိုင်ခဲ့မရ ဖြစ်ကြရ၊ အနာဂတ်မဲ့သွားကြရတာ တွေလည်း ရှိနေခဲ့ရတာ ကတော့ အမှန်ပါပဲ။ တကယ်တော့ ကမောက်ကမတွေနဲ့ ရှင်သန်နေကြရတဲ့ ကမ္ဘာကြီးထဲမှာ ဒါတွေကကိုပဲ ဘဝရဲ့ကျေနပ်စရာတွေ ဖြစ်ကောင်းဖြစ်နေပါလိမ့်မယ်။

***

# မေ့သွားလို့

`ဖွတ်မေ့၊ ပုတတ်မေ့' `အိုးမေ့၊ အိမ်မေ့' `ထီးမေ့၊ ဖိနပ်မေ့' `ဟိုမေ့၊ ဒီမေ့'ဆိုတဲ့ ဆိုရိုးစကားတွေရှိပါတယ်။
ကျွန်တော့်မိတ်ဆွေကြီးကိုအေးမောင်ကတော့ `ထိုအမေ့အားလုံးကို ပေါင်းစပ်ထားသောအရာအားလုံး အေးမောင်ဟုခေါ်သည်' လို့ပြောရလောက်အောင် မေ့တတ်တဲ့ သူပါ။ ကြည့်ပါဦး။ ကွဲကွာနေတာ အတော်အတန်ကြာပြီဖြစ်တဲ့ မိတ်ဟောင်းဆွေဟောင်းတွေ၊ ဆွေမျိုးသားချင်းတွေ၊ ကျောင်းနေဖက်နဲ့ လုပ်ဖော်ကိုင်ဖက်တွေနဲ့တွေ့ပြီဆိုရင် ဒိုးခနဲ၊ ဒေါက်ခနဲ၊ ဖျိုးခနဲ၊ ဖျက်ခနဲ ဘယ်တော့မှသတိရလေ့မရှိပါဘူး။ အမြဲတမ်း ဝိုးတိုးဝါးတားပါပဲ။

အဖေဖြစ်သူက တရားသူကြီးတစ်ဦးမို့ ဟိုနယ်ဒီနယ်၊ ဟိုမြို့ဒီမြို့ ပြောင်းရွှေ့ တာဝန် ထမ်းဆောင်ရတဲ့ ဝန်ထမ်း၊ ဒီတော့ ကိုအေးမောင်လည်း ငယ်ငယ်ကတည်းက အရပ်တကာ စုံအောင်ရောက်ခဲ့ပြီး အပေါင်းအသင်းကလည်း စုံမှစုံပဲပေါ့။ ဒီအထဲ အရွယ်ရောက်လာတော့ မူလကအစိုးရဝန်ထမ်းဖြစ်ပေမယ့် ဝန်ထမ်းဘဝကထွက်ပြီး ကုန်သည်ပေါက်စ၊ လိုင်းပေါင်းစုံလုပ်တဲ့ မထသကုန်သည်ပေါက်စ ဖြစ်သွားလေတော့ ဘာပြောစရာရှိတော့မလဲ။ အပေါင်းအသင်းဆိုတာ ပေါမှပေါ။ ဘယ်မြို့၊ ဘယ်နယ်၊ ဘယ်အရပ်သွားသွား တည်းခိုခန်းမှာ တည်းစရာမလိုတဲ့သူ။ ဒီအတိုင်းပဲ သူ့အိမ်မှာလည်း ဝင်ထွက်သွားလာတည်းခိုသူတွေနဲ့ တရုန်းရုန်း။ ရပ်ကွက်ဥက္ကဋ္ဌ ကတောင် နေ့စဉ်ဧည့်စာရင်းတိုင်နေလွန်းလို့ `ကိုအေးမောင်ရာ တည်းခိုခန်းသာ ဖွင့်လိုက်ပါတော့'လို့ ပြောယူရတဲ့သူ။

အမျိုးသားမှတ်ပုံတင်နံပါတ် လာမမေးနဲ့။ မေ့နေလို့ ဖြေလိမ့်မယ်။ မွေးသက္ကရာဇ်ကျတော့ မမှတ်မိပြန်ဘူး။ တော်သေးတယ်။ အဖေအမေနာမည် သတိရနေသေးလို့၊ ဒါတောင် တစ်ခါတစ်ခါ ကိုယ့်ကလေး ဘယ်နှစ်ယောက်လဲဆိုတာ ပြန်ပြန်ရေတွက်ကြည့်ရသေးသတဲ့။ ဒါပေမယ့်

အပေါင်းအသင်းများပြီး မေ့တတ်တဲ့ကိုအေးမောင်က လည်တော့လည်တယ်။ ဘယ်အရပ်ဒေသက လာတဲ့ဧည့်သည်ပဲဖြစ်ဖြစ် မလွဲနိုင်တဲ့ `လူအုပ်ထဲ ခဲပစ်နည်း'နဲ့ အာလုပ်ပြုလုပ်တတ်တယ်။

`ဘယ်လိုလဲ နေကောင်းရဲ့လား'

`အခြေအနေ ကောင်းပါတယ်နော်'

`အားလုံး ကျန်းကျန်းမာမာပဲလား'

စသည်ဖြင့် ပေ့ါလေ။ ပြီးမှ ဒီလူဘယ်ကလဲ၊ ဘယ်မြို့ကလဲ၊ ဘယ်လိုပတ်သက် ရင်းနှီးခဲ့သလဲဆိုတာကို တစ်ဖက်လူရဲ့စကားတွေပေါ်နင်းပြီး သတိရအောင် ပြန်စဉ်းစား တတ်တာပါ။

အပြင်ထွက်သွားလို့ ထီးပါးသွားရင် တစ်နေရာရာမှာမေ့ထားခဲ့တတ်ပြီး မိုးရွာမှ သတိရ တတ်တဲ့သူ။ သတိလည်းရရော ထီးကရှာမရတော့ဘူး။ ပျောက်နေပြီ။ ခေါက်ထီးတွေ ပျောက်တာ များလွန်းလို့ သူ့မဟေသီက ထီးရိုးရှည်နဲ့ ပြောင်းပေးပေမယ့်လည်း သိပ်မထူးတာကြောင့် ကိုအေးမောင်ခေါင်းပေါ်မှာ အရောင်မျိုးစုံနဲ့၊ ပုံစံမျိုးစုံနဲ့ ဦးထုတ်တွေ ရောက်လာပါသေးတယ်။ ထုံးစံအတိုင်း ခေါင်းပေါ်ကဦးထုပ်ကလည်း ချွတ်ထားတဲ့နေရာ မေ့ထားခဲ့ပြန်တာမို့ အခုတော့ ကိုအေးမောင်ရဲ့ ထိပ်ပြောင်ပြောင်နဲ့ ဦးခေါင်းဟာဗလာဆိုမှ တကယ့်ဗလာဖြစ်သွားပါပြီ။

အဲဒီ လို ထူးချွန်ပြောင်မြောက်စွာ မေ့တတ်တဲ့ကိုအေးမောင်ဟာ တစ်ခါကတော့ တရုတ် မြန်မာနယ်စပ်ကို ရောက်သွားပါတယ်။ အရောင်းအဝယ်ကိစ္စနဲ့ဆိုပေမယ့် မရောက်ဖူးတဲ့ မဟေသီ မချိုကလည်း ရောက်ဖူးချင်တယ်ဆိုလို့ ပါသွားခဲ့ပါတယ်။ တရုတ်နယ်စပ်မြို့ `ရွှေ့လီ'က ဟိုတယ်တစ်ခုမှာ တည်းခိုခဲ့ကြတုန်းကအဖြစ်ပါ။ အဲဒီ နေ့မနက်က ကိုအေးမောင် ရေချိုးခန်းထဲ မဝင်ခင် မချိုက ရေချိုးခန်းထဲမှာပါ။ ဟိုတယ်မှာဆိုတော့

မချိုတစ်ယောက် ရေချိုးဇလုံထဲမှာ ရေစိမ် နေတာပေါ့။ တီဗီရှေ့ ကိုအေးမောင်ကတော့ မချိုရေချိုးပြီးမှ သူလည်း ရေချိုးပြီးအပြင်ထွက်ကြဖို့ အစီအစဉ်ရှိပါတယ်။ ဒီအချိန်မှာ အပေါင်းအသင်းတစ်ဦးဆီက ဖုန်းဝင်လာပါလေရော။ မလှမ်းမကမ်းက ကော်ဖီဆိုင်မှာ စောင့်နေကြတယ်ပေါ့လေ။

အလုပ်လောဘရှိတဲ့ ကိုအေးမောင်ဟာ အိမ်သာမှာအပေါ့သွားပြီး အိမ်သာကဆင်းတော့ အပြင်ကနေဂျက်ထိုးလိုက်ရုံမက အိမ်သာနဲ့တွဲလျက်ရှိနေတဲ့ မချိုရေချိုးနေရာ ရေချိုးခန်းကိုလည်း ဂျက်ထိုးပြီး လောလောလောလောပဲ အပြင်ထွက်ခဲ့ပါတယ်။ (ဒီနေရာမှာ ပြောစရာရှိတာက ကိုအေးမောင်ဟာ သူ့အိမ်မှာလည်း အိမ်သာ၊ ရေချိုးခန်းတွေကို အပြင်ကဂျက်ထိုးတဲ့အကျင့်ပါပဲ)

ထုံးစံအတိုင်း ကိုအေးမောင်ဆိုတဲ့သူကလည်း အပေါင်းအသင်းမက်တဲ့သူ၊ အပေါင်းအသင်း များတဲ့သူ၊ `ဟိုနားခဏ�ဆိုပြီး သုံးလေးကျော်မှ အိမ်ပြန်ရောက်တတ်တဲ့သူ၊ ဒီတော့ မနက်စောစောက အစီအစဉ်ဖြစ်တဲ့ ရှစ်နာရီလောက်မှာ နှစ်ယောက်လုံးရေချိုးပြီးတာနဲ့ ကုန်တိုက်တွေသွားပြီး ရှော့ပင်းလုပ်မယ့် မချိုရဲ့အစီအစဉ်ကို လုံးဝမေ့သွားပါပြီ။ အဲဒီ အကျိုးဆက် ကတော့ သူဟိုတယ်ကိုပြန်ရောက်တဲ့ နေ့လယ်နှစ်နာရီအထိ မချိုခမျာရေချိုးခန်းထဲမှာ ဇကစာရီ ခိုက်ခိုက်တုန်တုန်နေရတာ ပါပဲ။ ကိုအေးမောင်ဆိုတာ အဲဒီ လိုမေ့တတ်တဲ့သူ။

တစ်ခါကလည်း အဲဒီ လိုကိစ္စမျိုး ဆေးခန်းသွားရင်းဖြစ်ခဲ့ပါသေးတယ်။ အဲဒီ တုန်းက မချိုရဲ့ အမျိုးသမီးရောဂါအတွက် နာမည်ကြီးအထူးကု ဆရာဝန်မကြီးထိုင်တဲ့ အထူးကုဆေးခန်းကို သွားပြတုန်းကပါ။ ဆေးလိုက်တဲ့၊ ကျွမ်းကျင်တဲ့နာမည်ကြီး အထူးကုဆရာဝန်မကြီးမို့ထင်ရဲ့ အထူးကုလူနာတွေကလည်း ဘွက်ကင်ယူပြီး တန်းစီကြတာ အများကြီးပါပဲ။ ငုတ်တုတ် ထိုင်စောင့်ရင်း နာရီဝက်သာသာရောက်တော့ ကွမ်းသမားကိုအေးမောင် ခံတွင်းချဉ်လာပါပြီ။ ဆေးခန်းခဲမှာ ကွမ်းစားရင်လည်းမကောင်းတာကြောင့်

လမ်းထိပ်ခဏဆိုပြီး လမ်းထိပ်က ကွမ်းယာဆိုင်ကိုသွား။ ကွမ်းဝါး၊ ခဏနေတော့ အိမ်ပြန်၊ အိပ်ရာဝင်၊ မချိုသာမက တစ်လောကလုံး ကို သူမေ့သွားခဲ့ပြီ။ ဆေးခန်းမှာ ကျန်ရစ်ခဲ့တဲ့လူမမာက အိမ်ကိုဖုန်းပြန်ပြီးဆက်၊ သူ့ကိုလာခေါ်ဖို့ ပြောမှ မိန်းမကိုဆေးခန်းမှာ မေ့ထားခဲ့မှန်း သတိရတဲ့သူ။

ဒီလိုကိစ္စမျိုးတွေကို ကိုအေးမောင် လုပ်ခဲ့ပေါင်းများပြီဆိုတော့ မဟောသီဖြစ်တဲ့

မချိုခမျာလည်း ထုသားပေသား ကျနေတာကြာပါပြီ။ တစ်ခါကလည်း လင်မယားနှစ်ယောက် ဈေးအတူသွားရင်း မိန်းမကိုဈေးထဲထားခဲ့ပြီး အိမ်ပြန်လာရာက အိမ်နားရောက်မှ မိန်းမကို ဈေးထဲမေ့ထားခဲ့တာ သတိရလို့ ဆိုက်ကားတစ်စီးနဲ့ အပြေးအလွှား ဈေးပြန်ပြေးရတာ မျိုး လည်းရှိရဲ့။ မေ့သလားတော့မမေးနဲ့၊ သူ့ထက် မေ့တဲ့သူတောင်သူ့လောက် မေ့မှာမဟုတ်ဘူး ဆိုတဲ့သူ။

ဒါပေမယ့် အဲဒီ လောက် မေ့တတ်တဲ့ကိုအေးမောင်မှာ မမေ့တတ်တဲ့အကျင့်တစ်ခုတော့ ရှိပြန်တယ်။ အဲဒါကတော့ သူ့ဆီကချေးငှားသွားတဲ့သူတွေဆီက သူပြန်ရမယ့်ပိုက်ဆံကိုတော့ တစ်ပြားတစ်ချပ်မကျန်အောင် သတိရတတ်တာပါပဲ။ ရက်စွဲအတိအကျ၊ နေရာအတိအကျ၊ အတိုးမှတ်ရမယ်ဆိုရင် ဘယ်နှစ်လ၊ ဘယ်နှစ်ရက်ရှိပြီဆိုတာကအစ အတိအကျသတိရ နေတတ်တယ်။ ငွေချေးတဲ့သူ ငဖြူ၊ ငနီရဲ့နေရပ်လိပ်စာနဲ့ဖုန်းနံပါတ်ကို မမေ့ဘူးတဲ့။ ဘယ်လောက် အမြင်ကတ်စရာကောင်းလဲ။

ဒါပေမယ့် ဆောင်းပါးမှာ သူ့မေ့တတ်တာတွေကိုပဲ ပြောချင်တာမို့ သူသတိရတတ်တဲ့ ကိစ္စတွေကိုတော့ မေ့ထားကြဖို့ တောင်းပန်ပါရစေ။

***